မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
June 4 ,2025 Volume 91, Number 3

၄.၆.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၉၁.၃၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၈.၈၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၁.၄၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၈.၀၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၀၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၇၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၃.၇၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၁၉ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မိုးအဆက်မပြတ် ရွာသွန်းနေခြင်းကြောင့် ရှမ်းကုန်စိမ်းအချို့ ဈေးကျနိုင်




မိုးအဆက်မပြတ် ရွာသွန်းနေခြင်းကြောင့် ရှမ်းကုန်စိမ်းအချို့ အရောင်းအဝယ်အေးပြီးဈေးကျနိုင်ကြောင်းကုန်စိမ်းအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများထံက သိရသည်။

လက်ရှိဈေးကွက်တွင် ရှမ်းကုန်များအဝင်များနေပြီး မိုးအဆက်မပြတ်ရွာသွန်းနေခြင်းကြောင့် ဝယ်လက်များ အသွားအလာနည်းပြီး အရောင်းဝယ်ပါးနေကြောင်းလည်း သိရသည်။

နှစ်စဉ် မိုးရာသီ ဇွန်လတွင် ဗိုလ်စားပဲ၊ မုန်ညင်း ၊ ရွှေပဲ ၊ ငရုတ်ပွနှင့်ဂေါ်ဖီ အစရှိသည့် ရှမ်းကုန်စိမ်းများမှာ ဈေးများကျလေ့ရှိကြောင်း သိရသည်။

“ မိုးတွင်း ဇလပိုင်းမှာ ဈေးကျတတ်တယ်။ ကုန်အဝင်များတော့ဈေးထိုးကျတယ်။ နောက်ပြီး မိုးများတော့ အသွားအလာနည်းတယ်၊ အရောင်းဝယ်မကောင်းဘူး ။လုပ်ရကိုင်ရတာအဆင်မပြေဘူး”ဟုရှမ်းပြည်နယ်အောင်ပန်းမြို့မှကုန်စိမ်းလက်လီလက်ကားရောင်းဝယ်သူတစ်ဦးက ပြောသည်။

ထို့ပြင် မိုးရာသီ ခရီးသွားများ ဝင်ရောက်မှုနည်းသည့်အတွက် ဟိုတယ်လုပ်ငန်းများနှင့်စားသောက်ဆိုင်များမှလည်း အဆိုပါ ကုန်စိမ်းများ ဝယ်ယူမှုနည်းလာကြောင်းလည်း သိရသည်။

“ဗိုလ်စားပဲ ၊ ငရုတ်ပွ၊ မုန်ညင်းတွေက ဟိုတယ်တွေနဲ့စားသောက်ဆိုင်ကြီးတွေမှာ အသုံးများတာ ၊ အခုက မိုးရာသီဆိုတော့ ခရီးသွားဝင်ရောက်မှုနည်းတယ်။ ဒါကြောင့် ဒီကုန်စိမ်းတွေက နှစ်တိုင်း မိုးတွင်းဆို အရောင်းအဝယ်အေးတယ်။ အရောင်းအဝယ်အေးတော့ ဈေးကျတယ်”ဟု ရှမ်းပြည်နယ်တောင်ကြီးမှ ကုန်စိမ်းရောင်းဝယ်သူတစ်ဦးက ပြောသည်။

လက်ရှိ ရာသီဥတုအခြေအနေများနှင့် လမ်းခရီးအခြေအနေများ မကောင်းသောကြောင့် သယ်ယူပို့ဆောင်းရေးခက်ခဲကာ နယ်ဘက်မှ အဝယ်နည်းလာကြောင်းလည်း သိရသည်။

သို့ဖြစ်၍ ကုန်အထွက်များပြီး အဝယ်မရှိသည့်အတွက် ဈေးတက်နိုင်ရန် အခြေအနေမရှိကြောင်း နှင့် စက်တင်ဘာလပိုင်း ရောက်မှသာ ပြန်လည် မြင့်တက်နိုင်ကြောင်း သုံးသပ်ထားကြသည်။

လက်ရှိ ရှမ်းပြည်နယ်တွင် ဗိုလ်စားပဲ တစ်ပိဿာလျှင် ၃၀၀၀ ကျပ် ၊ မုန်ညင်း တစ်ပိဿာလျှင် ၁၃၀၀ ကျပ် ၊ ဂေါ်ဖီတစ်ထုပ် လျှင် ၅၀၀ မှ ၁၀၀၀ ကျပ်နှင့် ငရုတ်ပွတစ်ပိဿာလျှင် ၁၄၀၀ ကျပ် နှင့် ရွှေပဲတစ်ပိဿာလျှင် ၈၀၀၀ ကျပ်ပေါက်ဈေးရှိပြီး နောက်ပိုင်း ဈေးကျနိုင်ကြောင်းသိရသည်။

**Source :** https://htwettoe.com/

## ကန့်ဘလူမြို့နယ်၌ မတ်ပဲဈေးနှုန်း အနည်းငယ်မြင့်တက်



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ၊ ဆောင်းမတ်ပဲ၃၈,၅၄၄ဧက စိုက်ပျိုးရိတ်သိမ်းနိုင်ခဲ့ကြောင်း၊ မတ်ပဲသီးနှံကိုကန့်ဘလူမြို့နယ် မြေထူးကျေးရွာ၊ တောက္ကရုပ်ကျေးရွာ၊ ညောင်ဇင်ကျေးရွာများတွင် အဓိကစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ မေလစတုတ္ထပတ်အတွင်း ဈေးနှုန်းများမှာ မတ်ပဲရိုးရိုးတစ်တင်းလျှင် ၈၈,၀၀၀ ကျပ်၊ မတ်ပဲ မျက်ကွင်းဖြူ တစ်တင်းလျှင် ၉၀,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်အပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ယခုပတ်အတွင်း မတ်ပဲ ၁တင်းလျှင် ၆၀၀၀ကျပ် ပြန်လည်မြင့်တက်လာကြောင်း၊ ဒေသထွက်မတ်ပဲများကို မန္တလေးမြို့ရှိပွဲရုံများ၊ ကုန်စည်ဒိုင်များသို့ တင်ပို့ရောင်းချကြောင်း သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်များထံက သိရသည်။

**Source : DOCA(စစ်ကိုင်း)**

https://www.doca.gov.mm/

## ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၉,၃၈၅ ဧက လျာထားစိုက်ပျိုးမည်

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၉,၃၈၅ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။



ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၉,၃၈၅ ဧက စိုက်ပျိုးရန်လျာထားပြီး သတ်မှတ်စိုက်ဧကများ ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဇွန်လတတိယပတ်မှစတင်ပြီး စက်တင်ဘာလကုန်အထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီထွက်သီးနှံစုံ ၂၉,၃၈၅ ဧက စိုက်ပျိုးသွားဖို့ လျာထားပါတယ်။ လက်ရှိအချိန်မှာ ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးနိုင်ဖို့ လယ်ယာမြေထွန်ယက်ပြုပြင်တာတွေကို လုပ်ဆောင်နေကြပါတယ်။ ဆီထွက်သီးနှံအလိုက် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းတွေတိုးတက်စေဖို့ ပြည့်မီရေးနဲ့ ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက်ကိုလည်း တောင်သူအသိပညာပေးခြင်းလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လျာထားဧက ပြည့်မီအောင်နှင့်ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက်လည်း တောင်သူပညာပေးရေးလုပ်ငန်းများနှင့် မိုးစပါးစိုက်ခင်းများ၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် လိုက်နာရမည့်နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက အသိပညာပေးဆောင်ရွက်လျက်ရှိပြီး နည်းပညာမျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Source : မြန်မာ့အလင်းသတင်းစာ**

## မင်းဘူးမြို့၊ မြို့မဈေး၌ အာလူးဈေးနှုန်းကျဆင်း



မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ မြို့မဈေး၌ အာလူးကို မကွေးမြို့ပွဲရုံများမှ မှာယူရောင်းချသည့်အပြင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နှင့်အောင်ပန်းမြို့တို့မှ မှာယူရောင်းချကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ မေလစတုတ္ထပတ်တွင် အာလူး ၁ ပိဿာလျှင် (အကြီး၊ အသေး) ကျပ် ၄၀၀၀- ၄၅၀၀ ဖြင့် ရောင်းချလျက်ရှိပြီး ဒုတိယပတ်တွင် အာလူး ၁ ပိဿာလျှင် (အကြီး၊ အသေး) ကျပ် ၄၅၀၀-၅၀၀၀ ဖြင့် ရောင်းချလျက်ရှိရာ ဈေးနှုန်းနှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် ၁ ပိဿာလျှင် ကျပ် ၅၀၀ ဈေးနှုန်း ကျဆင်းလာကြောင်း သိရသည်။

ယခုကာလတွင် အာလူးစိုက်ပျိုးသည့်ဒေသများတွင် အာလူးအထွက်နှုန်းများလာပြီး မင်းဘူးမြို့အတွင်းသို့ ကုန်ဝင်ရောက်မှု များသောကြောင့် ဈေးနှုန်းမှာကျဆင်းလာရခြင်းဖြစ်ကြောင်း သိရသည်။

**Source : DOCA(မကွေး)**

https://www.doca.gov.mm/

## ကျွန်းလှမြို့တွင် ရောင်းချနေသော မန်ကျည်းသီးမှည့်ဈေးနှုန်း



ကျွန်းလှမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ကန့်ဘလူ မြို့ပေါ်ရပ်ကွက်များတွင် မိမိတို့နေအိမ် ခြံဝင်းစည်းရိုးများနှင့် လယ်ယာမြေများပေါ်တွင် အရိပ် ရစေရန်အတွက် စိုက်ပျိုးကြသလို အလေ့ကျပေါက် ရောက်သည့် အပင်များလည်းရှိကြရာမှ ယခုအခါ တွင် မန်ကျည်းသီးအမှည့်များကို ကျွန်းလှမြို့၊ သစ်ရာ မြိုင်ဈေးသို့ လာရောက်ပို့ဆောင်ကာ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်းသိရသည်။

၂၀၂၅ ခုနှစ်၊ မေလစတုတ္ထပတ်အတွင်း ဖြစ်ပေါ်နေသော ကျွန်းလှမြို့၊ သစ်ရာမြိုင်ဈေး၏ မန်ကျည်းသီးမှည့်ဈေးနှုန်းများမှာ မန်ကျည်းသီးမှည့် (အစေ့လွတ်) တစ်ပိဿာလျှင် ၆,၀၀၀ ကျပ်၊ ၅၀ ကျပ်သားလျှင် ၃,၀၀၀ ကျပ်၊ ၂၅ ကျပ်သားလျှင် ၁,၅၀၀ ကျပ်နှင့် မန်ကျည်းသီးမှည့် (အစေ့ပါ) တစ်ပိဿာလျှင် ၂,၀၀၀ ကျပ်နှင့် ၅၀ ကျပ်သားလျှင် ၁,၀၀၀ ကျပ်ဈေးနှုန်းတို့ဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**Source : DOCA (စစ်ကိုင်း)**

https://www.doca.gov.mm/

## ဖိလစ်ပိုင်နိုင်ငံ၏သရက်သီး အီတလီဈေးကွက်သို့ ပထမဆုံးအကြိမ် ဝင်ရောက်ခွင့်ရရှိ

ပီဇာ၊ ပါစတာ၊ ကော်ဖီ၊ ရေခဲမုန့်တို့ဖြင့် နာမည်ကြီးကျော်ကြားသည့် အီတလီနိုင်ငံဈေးကွက်သို့ ဖိလစ်ပိုင်နိုင်ငံ၏ သရက်သီး သည် ပထမဆုံးအနေဖြင့် မကြာမီဝင်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

Pangasinam ထွက် ဖိလစ်ပိုင်သရက်သီးသေတ္တာများသည် ရောမလေဆိပ်သို့ ၁-၆-၂၀၂၅ ရက် နေ့က ရောက်ရှိခဲ့ပြီဖြစ် ပါကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အီတလီနိုင်ငံသို့ ဖိလစ်ပိုင်သရက်သီးအား ကုန်သွယ်မှုလမ်းကြောင်းအနေဖြင့် ပေးပို့ခြင်းသည် သမိုင်းဝင်မှတ်တမ်းတစ်ခု ဖြစ်ခဲ့ပါကြောင်း၊ ဖိလစ်ပိုင်သရက်သီးစိုက်ပျိုးထုတ်လုပ်သူများသည် အီတလီနိုင်ငံ၏ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များ

နှင့်အညီ စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ပြီး ဈေးကွက်ချဲ့ထွင်ဆောင်ရွက်သွားရန် အဆင်သင့်ဖြစ်နေပါကြောင်း ဖော်ပြပါရှိသည်။

အီတလီနိုင်ငံရှိ ဖိလစ်ပိုင် ကုန်သည်ကြီးများအသင်းဝင်များ၊ ဖိလစ်ပိုင်လူမျိုးများလုပ်ကိုင်ဆောင်ရွက်နေသည့်အသေးစား စီးပွားရေးလုပ်ငန်းအုပ်စုတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း အီတလီနိုင်ငံရှိ ဖိလစ်ပိုင်စိုက်ပျိုးရေး သံမှူးက ပြောကြား ခဲ့သည်။

ရောမ၏ရင်းနီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်း ၅၀ မှ ထပ်မံ၍ ဖိလစ်ပိုင်သရက်သီးတောင်သူ ၂၇,၀၀၀ ကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလက လိုအပ်သည့်အထောက်အပံ့များပေးခဲ့ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း ဖော်ပြပါရှိသည်။

**Source: ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့**

https://myantrade.gov.mm/

## ဘိလပ်မြေတင်သွင်းသူအဖြစ်မှ တင်ပို့သူအဖြစ် အသွင်ကူးပြောင်းနေသည့် ကမ္ဘောဒီးယား



ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Hun Manet က ဘိလပ်မြေတင်သွင်းသည့်နိုင်ငံအဖြစ်မှ တင်ပို့သူအဖြစ် အသွင်ကူးပြောင်းနိုင်ခဲ့သည့်အတွက် ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။

မေလ ၂၀ ရက်နေ့က Kampong Speu ပြည်နယ်တွင်ကျင်းပခဲ့သည့် Conch KT Cement (Phnom Penh) Co., Ltd ၏ ဘိလပ်မြေစက်ရုံသစ်ဖွင့်ပွဲတွင် ဝန်ကြီးချုပ်က ၂၀၀၇ ခုနှစ်မတိုင်မီက ကမ္ဘောဒီးယားသည် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်တို့ထံမှ ဘိလပ်မြေတင်သွင်းမှုအပေါ် လုံးဝမှီခိုခဲ့ရသော်လည်း ယခုအခါနိုင်ငံသည် ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းရန်နှင့် ပြည်ပသို့တင်ပို့ရန်အတွက် ဘိလပ်မြေစက်ရုံ ၆ ခုကို ပိုင်ဆိုင်ထားကြောင်း ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ကမ္ဘောဒီးယားသည် ထိုင်းနိုင်ငံသို့ ဘိလပ်မြေတန်ချိန် ၃၀,၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်က နိုင်ငံတကာဈေးကွက်များသို့ ကမ္ဘောဒီးယားဘိလပ်မြေ ထပ်တိုးတင်ပို့နိုင်ရန်အတွက် နည်းလမ်းများရှာဖွေရာတွင် ကြိုးပမ်းအားထုတ်ရန် သတ္တုတွင်းနှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ကမ္ဘောဒီးယားဘိလပ်မြေထုတ်လုပ်သူများအသင်းအား တောင်းဆိုခဲ့ကြောင်း သိရသည်။

ထို့ပြင် လုပ်ငန်းနယ်ပယ်အတွင်း စီးပွားရေးကျရှုံးမှုအလားအလာအားရှောင်ရှားရန်နှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက် ဘိလပ်မြေလိုင်စင်သစ်များကို ကန့်သတ်ရန်အတွက် အဆိုပြုချက်များကို ဂရုစိုက်ဆန်းစစ်ရန် ဝန်ကြီးဌာနကို တောင်းဆိုခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားတွင် နှစ်စဉ် တန်ချိန် ၁၁ သန်းထုတ်လုပ်နိုင်စွမ်းရှိသည့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁ ဘီလီယံတန်ဖိုးရှိသော ဘိလပ်မြေ စက်ရုံ ၆ ခုလည်ပတ်နေကြောင်း သိရသည်။

သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီး Keo Rottanak ၏အဆိုအရ ကမ္ဘောဒီးယားတွင် ဘိလပ်မြေစက်ရုံသစ် ၃ ရုံ တည်ဆောက်လျက်ရှိပြီး အပြည့်အဝလည်ပတ်နိုင်ပါက နှစ်စဉ်ထပ်တိုးတန်ချိန် ၅ သန်း ထုတ်လုပ်နိုင်ရန် မျှော်မှန်းရကြောင်း သိရသည်။

**Source : Khmer Times**

**DOCA (ရန်ကုန်)** https://www.doca.gov.m

## ရေနံစိမ်းထောက်ပံ့မှုပြဿနာများကြောင့် ရေနံစိမ်းဈေးမြင့်တက်လာ



ရေနံထုတ်လုပ်တဲ့အဓိကနိုင်ငံဖြစ်တဲ့ အီရန်နိုင်ငံကို ချမှတ်ထားတဲ့အရေးယူမှုတွေကို လျှော့ပေါ့ပေးဖို့အတွက် အဓိကကျတဲ့ အမေရိကန်ရဲ့ အဏုမြူသဘောတူညီမှုအဆိုပြုချက်ကိုပယ်ချခဲ့တဲ့ အီရန်ရဲ့ဆုံးဖြတ်ချက်၊ ကနေဒါမှာ တောမီးလောင်ပြီး ရေနံထုတ်လုပ်မှု ထိခိုက်ခဲ့တဲ့ အရေးကိစ္စတွေကြောင့် ဇွန်လ ၃ ရက်နေ့ အာရှ ရှယ်ယာဈေးကွက်မှာ ရေနံဈေးနှုန်းတွေ မြင့်တက်လာပါတယ်။

ဘရန့်ရေနံစိမ်းအညွှန်းကိန်းတွေအရ ၀ ဒသမ ၈၅ ရာခိုင်နှုန်းမြင့်တက်ပြီး ရေနံစိမ်းတစ်စည်ကို ၆၅ ဒေါ်လာ ၁၈ ဆင့်ဖြစ်လာပါတယ်။ အမေရိကန်အနောက်တက္ကဆက် ရေနံစိမ်းဈေးကွက်အရ ၀ ဒသမ ၉၄ ရာခိုင်နှုန်းမြင့်တက်လာပြီး ရေနံစိမ်းတစ်စည်ကို ၆၃ ဒေါ်လာ ၁၁ ဆင့်ဖြစ်လာပါတယ်။

လက်ရှိရေနံဈေးနှုန်းတွေက ပထဝီနိုင်ငံရေးတင်းမာမှုတွေကို အရင်းခံတာပါ။ ဆယ်စုနှစ်တွေကြာနေပြီဖြစ်တဲ့ အဏုမြူသဘောတူညီချက်ဆိုင်ရာ အငြင်းပွားမှုကို အဆုံးသတ်မဲ့ အမေရိကန်ရဲ့အဆိုပြုချက်ကို အီရန်ကပယ်ချခဲ့ပြီး အဲဒီအဆိုပြုချက်က အီရန်ရဲ့အကျိုးစီးပွားတွေကို မျက်ကွယ်ပြုထားတယ်လို့ အီရန်သံတမန်တစ်ယောက်က ပြောကြားထားပါတယ်။

**Source :** https://onenewstvchannel.com/

## STOCK EXCHANGE (4.6.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Jun. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 26,069 (Shares) | 66,708,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,900 | +200 | +2.99% | 6,700 | 6,900 | 6,700 | 976 | 6,666,400 | 33,109,694 | 228,457 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 5,023 | 15,069,000 | 38,929,150 | 116,788 |
| MCB | 00003 | 7,800 | +100 | +1.30% | 7,700 | 7,800 | 7,700 | 24 | 186,700 | 10,400,986 | 81,128 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,850 | 1,850 | 1,800 | 12,692 | 22,920,600 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 3,880 | 10,864,000 | 12,823,224 | 35,905 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 906 | 1,474,850 | 19,977,223 | 32,962 |
| AMATA | 00007 | 3,950 | +50 | +1.28% | 3,900 | 3,950 | 3,900 | 1,958 | 7,636,250 | 10,497,598 | 41,466 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 610 | 1,891,000 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 4th Jun. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 351.98 | +4.34 | +1.25% | 347.90 | 351.98 | 347.90 | 26,069 | 66,708,800 | 8 | 663,897 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 4th Jun. 2025

| Trading Volume | Trading Value |
|---|---|
| 28,069 (Shares) | 72,908,800 (MMK) |

### Main Board

As of 1:00 pm, 4th Jun. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 26,069 (Shares) | 66,708,800 (MMK) |

| MYANPIX | 351.98 ▲ 4.34 |
|---|---|
| Total Volume (shares) | 26,069 |
| Total Value (MMK) | 67 mil |
| Listed Company | 8 |
| Market Cap. (MMK) | 663,897 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,900 | ▲ 200 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 100 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 50 |
| MAEX | 00008 | 3,100 | ▲ 0 |

TIR